**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုံညီအစည်းအဝေး မှတ်တမ်း (ဩဂုတ်လ ၄ ရက်၊ ၂၀၂၀)**

**နေရာ။ ။ MNN Office**

**အချိန်။ ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီ၊ ၃၀မိနစ် အထိ**

အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၂၈)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၉) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဉ်များ၊ မြန်မာအန်ဂျီအိုကွန်ရက် ပြန်လည်ဖွဲ့စည်းရေးအတွက် ဆွေးနွေးခြင်းများ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိ ဦးကျော်သန်းထွန်း(Ratna Mahal) က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

| Discussion Point |
| --- |
| • **MNN Registration**<br><br>မြန်မာပြည်သူ့ဖိုရမ်အား မြန်မာအန်ဂျီအိုကွန်ရက် အမည်သို့ အသင်းအဖွဲ့အမည်ပြောင်းခြင်းအတွက် လုပ်ဆောင်နေကြောင်း၊ မြန်မာပြည်သူ့ဖိုရမ်၏ လက်ရှိအမှုဆောင်များ၏ အစည်းအဝေးမှတ်တမ်းနှင့် လက်မှတ်တို့အတွက် ပြင်ဆင်နေကြောင်း၊ ကိုဗစ်မတိုင်မီက အားလုံးသဘောတူပြီးသည့်အတိုင်း မြန်မာအန်ဂျီအိုကွန်ရက်အမည်ဖြင့် မှတ်ပုံတင်ရရှိရေးကို လုပ်ဆောင်နေကြောင်း၊ ကိုဗစ်ကြောင့် ပိုမိုကြန့်ကြာနေရခြင်းဖြစ်ကြောင်း ကိုရန်နိုင်ဌေးက အသိပေးပြောကြားခဲ့သည်။ |
| • **MNNCA**<br><br>• ကိုဗစ်-၁၉ ကာကွယ်တုံ့ပြန်ရေးအတွက် ပူးပေါင်းလုပ်ဆောင်ရန် မြန်မာအန်ဂျီအိုကွန်ရက်အဖွဲ့ဝင်အချို့ဖြင့် Myanmar NGO Network COVID-19 Action Group ကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ မတ်လ ၁၉ရက်နေ့တွင် ကွန်ရက် အဖွဲ့ဝင် ၂၂ ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မတ်လ ၂၇ ရက်နေ့မှစတင်ကာ လုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ အဖွဲ့ဝင်များ၏ စုပေါင်းထည့်ဝင်သော အလှူငွေနှင့် လုပ်အားဒါနတို့ဖြင့် လုပ်ဆောင်နေကြောင်း၊ ပုံမှန်လုပ်ဆောင်နေသော လုပ်ငန်းများအပြင် Access to Health Fund ၏ ထောက်ပံ့မှု၊ LRC ၏ ပံ့ပိုးမှုဖြင့် လှည်းကူးနှင့် မှော်ဘီရှိ ရခိုင်နှင့် ချင်းပြည်နယ်ဘက်မှ စစ်ဘေးကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းခိုလှုံကြသူများအတွက် စီမံချက်တခုကိုလည်း လုပ်ဆောင်နေကြောင်း၊ MNNCA အဖွဲ့တွင် ပါဝင်လိုသော အဖွဲ့အစည်းများကိုလည်း ကြိုဆိုပါကြောင်း ကိုရန်နိုင်ဌေးက တင်ပြခဲ့သည်။ |
| **Ray of Lights**<br><br>• COVID-19 အသိပညာပေးခြင်းလုပ်ငန်းများကို ရှေပြည်သာမြို့နယ်တွင် လုပ်ဆောင်နေကြောင်း၊ ရပ်ကွက် ၅ခု၊ ဈေး၃ခုတို့တွင် အသိပညာပေးဗီနိုင်းများ ချိတ်ဆွဲခြင်း၊ နှာခေါင်းစည်းများဝေငှခြင်း၊ Face Shield များ ဖြန့်ဝေပေးခြင်း၊ NFE သင်ကြားနေသော ကလေးများ၏မိသားစု ၂၅၀ ကို ထောက်ပံ့ပေးခြင်း၊ ဆိုက္ကားဂိတ်၊ ကားဂိတ်တို့အတွက် ကလိုရင်းပိုးသတ်ဆေးများဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း ဒေါ်နိုင်နိုင်အေးက အသိပေးမျှဝေခဲ့သည်။ |
| **MCU**<br><br>• Consumers Protection Law ကို ဂရုစိုက်ပြီးလေ့လာစေချင်ကြောင်း၊ MCU အနေဖြင့် နှစ်စဉ်ထုတ်ဝေနေကျဖြစ်သော Consumers Report ကို ယခုနှစ်တွင် GIZ ၏ ထောက်ပံ့မှုဖြင့် ဖြန့်ဝေးသွားမှာဖြစ်ကြောင်း ဦးမောင်မောင်က အသိပေးတင်ပြခဲ့သည်။ |
| **MCRB**<br><br>• မြန်မာစီးပွားရေးကဏ္ဍတာဝန်ယူမှု အထောက်အကူပြုရေးဌာန (MCRB)က မြန်မာစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးလုပ်ငန်း ကျင့်ဝတ်ဖြောင့်မတ်ရေး ဂုဏ်သိက္ခာဆိုင်ရာ လက်စွဲစာအုပ်ကို ထုတ်ဝေဖြန့်ချိပြီးဖြစ်ကြောင်း၊ MCRB website တွင် Download ရယူနိုင်ကြောင်း ကိုဝင်းမင်းက အသိပေးတင်ပြခဲ့သည်။<br><br>• Website: https://www.myanmar-responsiblebusiness.org |

- **GSMF**

- ဩဂုတ်လ ၃၁ရက်နေ့တွင် Medical Social Worker များနှင့်ချိတ်ဆက်ကာ ဝေဘာဂီဆေးရုံသို့ ရောက်ခဲ့ကြောင်း၊ ယခုအခါ လှူဒါန်းသူများနည်းသွားကြောင်း၊ အစားအသောက်နှင့် အခြားလိုအပ်သည်များလည်း ရှိနေကြောင်း၊ လှူဒါန်းနိုင်သူများရှိပါက သွားရောက်လှူဒါန်းစေလိုကြောင်း ဒေါ်လူစီအောင်ရှန်းက အသိပေးမျှဝေခဲ့သည်။

**MIMU**

- River Water Level Dashboard ကို Update အနေဖြင့် Website တွင် တင်ထားကြောင်း၊ ရေကြီးမှုဖြစ်ပွားလေ့ရှိသည့်ဒေသများကို ဦးစားပေးဖော်ပြထားကြောင်း၊ COVID-19 Responses Dashboard ကိုလည်း ပြုလုပ်ထားကြောင်း၊ ကိုဗစ်တုံ့ပြန်ရေးလုပ်ဆောင်နေသည့် အဖွဲ့အစည်းများ စာရင်းကို ဖော်ပြထားကြောင်း၊ အခမဲ့လေ့လာနိုင်သော website များ၊ သင်တန်းအချက်အလက်များကိုလည်း MIMU Website တွင် တင်ပေးထားကြောင်း ဒေါ်သီရိမေကျော်က ပြောကြားခဲ့သည်။

- Website: www.themimu.info

**H4SS**

- ဇွန်လမှစတင်ပြီး NFE ကျောင်းသား အိမ်ထောင်စုများအခြေခံလိုအပ်ချက်များကို ပံ့ပိုးပေးခဲ့ကြောင်း၊ Income Generation အတွက် Mask ချုပ်လုပ်နည်းကို သင်တန်းပေးခဲ့ပြီး Mask ချုပ်ပြီး ရောင်းစေခဲ့ကြောင်း၊ အဖွဲ့အစည်းများအနေဖြင့် လိုအပ်ပါက NFE ကလေးများ အထောက်အပံ့ရရှိစေရန် အားပေးမှာယူနိုင်ပါကြောင်း ဒေါ်အေးအေးသင်းက ပြောကြားခဲ့သည်။

- ဆက်သွယ်ရန်- ဒေါ်အေးအေးသင်း၊ ၀၉ ၇၉၈၁၄၆၈၉၅

- Announcement on Tax

- အစိုးရက ထုတ်ပြန်ထားသော အဖွဲ့အစည်းများဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်သက်ဆိုင်သော ထုတ်ပြန်စာအပေါ် ဒေါ်လူစီအောင်ရှန်းက မည့်သို့နားလည်သည်ကို ဆွေးနွေးပေးပါရန် တင်ပြပါသည်။ MCRBမှ ကိုဝင်းမင်းက စိတ်ပူစရာမလိုဟုထင်ကြောင်း၊ တရားမဝင်ငွေကြေးသုံးစွဲမှုများ၊ ငွေကြေးခဝါချမှုများကို တိုက်ဖျက်ရန် ထုတ်ပြန်သည့်စာဟု ယူဆရကြောင်း၊ အစိုးရဌာနဆိုင်ရာသို့ MNN အနေဖြင့် ဆက်သွယ်ပြီး ဆွေးနွေးမေးမြန်းမှုများပြုလုပ်ပေးနိုင်ပါက ပိုအဆင်ပြေနိုင်ကြောင်း အကြံပြုခဲ့သည်။

- ဆက်သွယ်မေးမြန်းရန်- ဦးကျော်ဆင့်အောင်ထွေး၊ ၀၆၇ ၄၃၀၄၀

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် အွန်လိုင်းမှတဆင့် ကျင်းပမည်ဖြစ်ပါသည်။